Message Twelve

သတို့သား၊
သတို့သမီး၏ရင့်ကျက်ခြင်းနှင့်
ဘုရားသခင်၏ရန်သူကို နှိမ်နင်းရန် စစ်သူရဲဖြစ်ခြင်း

ဖတ်ရန်ကျမ်း။ ။ ယော၊၃း၂၉က။ မ၊ဂ္ဂး၁၅။ ဟေဗြဲ၊၆း၁။ ဗျာ၊၁၉း၇

I. ခရစ်တော်သည် သတို့သားဖြစ်သည် - မ၊ဂ္ဂး၁၄-၁၅။ ၂၂း၂-၃။ ၂၅း၁၊ ၅-၆၊ ၁၀။

A. စကြဝဠာတစ်ခုလုံး၌ နှစ်လိုဖွယ်အကောင်းဆုံးသော ပုဂ္ဂိုလ်မှာ သတို့သားအဖြစ် ယေရှုပင် ဖြစ်သည်။

B. ဗတ္တိဇံယောဟန်သည် "သတို့သမီးကို ရသောသူသည် သတို့သားဖြစ်၏" ဟု ပြောခဲ့သည် - ယော၊၃း၂၉က။

C. ယေရှုသည် မိမိကိုယ်တော်တိုင်ကို သတို့သားအဖြစ် တင်ဆက်ပြသပေးသည် - မ၊ဂ္ဂး၁၄-၁၅။ မာ၊၂း၁၉။

1. သမ္မာကျမ်းစာအဆုံး၌ *သိုးသငယ်၏ဓနိး* ဟူသော ဝေါဟာရကို ကျွန်ုပ်တို့တွေ့ရသည် - ဗျာ၊၂၁း၉။
2. ဘုရားသခင်၏သိုးသငယ် (ယော၊၁း၂၉) သည် ရွေးနုတ်ရှင်ဖြစ်သည်၊ သို့သော် ကားတိုင်ပေါ်မှာ ကျွန်ုပ်တို့၏အပြစ်များကို ယူဆောင်သွားပေးခဲ့သော သိုးသငယ်သည် လက်ထပ်ထိမ်းမြားခြင်းအတွက် ကျွန်ုပ်တို့၏သတို့သားလည်း ဖြစ်သည် (ဗျာ၊၁၉း၇)။

D. သတို့သား၏ မျက်မှောက်၌ ကြောက်ရွံ့တုန်လှုပ်ခြင်း တည်ရှိမနေပါ။ ကျွန်ုပ်တို့သည် သခင်ဘုရား၏မျက်မှောက်တော်ကို ထိတွေ့ခြင်း၊ ကိုယ်တော်ကို သတို့သားအဖြစ် ထိတွေ့ခြင်း ရှိကြသောအခါ၊ ကျွန်ုပ်တို့က ကိုယ်တော်၏ ချစ်ဖွယ်ကောင်းခြင်း၊ ချို့မြိန်ခြင်းနှင့် သစ်လွင်လန်းဆန်းခြင်းကို ထိတွေ့ကြရသည်။ ကိုယ်တော်သည် ချစ်ဖွယ်ကောင်းခြင်းလည်း ရှိသည်။

E. ဓမ္မသီချင်း E#170 ၏ ပထမစာကြောင်း၌ "ကိုယ်တော်သည် ချစ်ဖွယ်သတို့သား / ဘုရား ဘိသိက် ခံရပြီ / လှပတင့်တယ်လျက်ရှိနေပြီ / ကျွန်ုပ်တို့တွက် လှပဆုံး" ဟု ပြောထားသည်။

F. ကျွန်ုပ်တို့က ခရစ်တော်ကို ကျွန်ုပ်တို့၏သတို့သားအဖြစ် မွေ့လျော်ဝမ်းမြောက်ခြင်းရှိရန် နည်းလမ်း (သို့မဟုတ် သွင်ပြင်) လေးခု ရှိပါသည်။

1. ပထမဦးစွာ ကျွန်ုပ်တို့သည် သတို့သားကို မွေ့လျော်ဝမ်းမြောက်သည့် သတို့သားအရံ၌ အပေါင်းအဖော်များ ဖြစ်ကြသည် - မ၊ဂ္ဂး၁၅။
2. ဒုတိယအနေဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်ကို ကျွန်ုပ်တို့၏စားသောက်ပွဲအဖြစ် မွေ့လျော်ဝမ်းမြောက်ကြသော ဧည့်ပရိသတ်များဖြစ်ကြသည် - လု၊၁၄း၁၅-၁၇။ ဗျာ၊၃း၂၀။ ၁၉း၉။
3. တတိယအနေဖြင့် ကျွန်ုပ်တို့သည် သတို့သား၏ကြွလာခြင်းကို မွေ့လျော်ဝမ်းမြောက်သော အပျိုကညာများ ဖြစ်ကြသည် - မ၂၅း၁-၁၃။
4. စတုတ္ထအနေဖြင့် ကျွန်ုပ်တို့သည် သတို့သားကို အဆုံးစွန်အထိ မွေ့လျော်ဝမ်းမြောက်မည့် သတို့သမီးဖြစ်လိမ့်မည်ဖြစ်သည် - ဗျာ၊၁၉း၇။

G. ယနေ့ သခင်ဘုရား၏လှုပ်ရှားလုပ်ဆောင်မှု ဦးတည်ရာသည် သတို့သမီးကို ပြင်ဆင်ရန် ဖြစ်ပြီး၊ ထိုသတို့သမီးသည် ရွေးနုတ်သော ဘုရားသခင်နှင့် ကိုယ်တော်၏ရွေးနုတ်ခံတို့၏ ထာဝရ လက်ထပ်ထိမ်းမြားခြင်းအတွက် သတို့သား၏ အဖော်အဖက်ဖြစ်သည် - အင်္ဂယ်၇-၈။ ၂၁း၁-၂၊ ၉-၁၀။

H. သတို့သားအဖြစ် သခင်ယေရှုသည် ကြွလာသောအရှင်ဖြစ်ကြောင်း ကျွန်ုပ်တို့ သိမှတ်နားလည်ရန် လိုအပ်သည်။

1. ကိုယ်တော်သည် သူ၏သတို့သမီးအဖြစ် ကျွန်ုပ်တို့ကို တွေ့ဆုံရန် ကြွလာတော်မူသည်။
2. သခင်ဘုရားကြွလာခြင်း၏ ပေါ်ထွန်းလာခြင်းသည် ကိုယ်တော် သတို့သားဖြစ်တော်မူခြင်း၌ ပါဝင်နေပါသည်။

II. ကျွန်ုပ်တို့သည် သတို့သမီး၏ ရင့်ကျက်ခြင်းကို မြင်ရန်နှင့် နားလည်သဘောပေါက်ရန် လိုအပ်သည် - ၂ကော၊၃း၁၈။ ရော၊ ၈း၂၉။ ၈၊၄း၁၃၊ ၁၅။ ဟေဗြဲ၊၆း၁။ ဗျာ၊၁၉း၇ခ။ ၂၁း၂၊ ၉။

A. ဗျာဒိတ် ၁၉း၇ခ တွင် "ကိုယ်တော်၏ဇနီးသည် ကိုယ်ကို အဆင်သင့်ဖြစ်စေပြီ" ဟုပြောထားသည်။

B. ဘုရားအသက်၏ရင့်ကျက်ခြင်း၌ ခရစ်တော်၏ချစ်သူသည် ရှုလမိတ် (*ရှောလမုန်* ၏ ဣတ္ထိလိင်ပုံစံအမည်) ဖြစ်လာပြီး၊ ယင်းမှာ သူမသည် သူတို့၏လက်ထပ်ထိမ်းမြားခြင်းအတွက် ကိုယ်တော်နှင့် လိုက်ဖက်ညီရန် ခရစ်တော်၏ ပြန်လည်ထုတ်လုပ်ခြင်းနှင့် ပုံတူပွားခြင်း ဖြစ်လာကြောင်း ရည်ညွှန်းသည် - သီ၊၆း၁၃။ ဗျာ၊၂၁း၂,၉-၁၀။

C. ဂရိစကား၌ *ရင့်ကျက်ခြင်း* ဟူသော စကားလုံး၏ အဓိပ္ပာယ်မှာ "အဆုံးစွန်သို့ရောက်ရှိခြင်း"ဟု ဆိုလိုသည်။

1. ပုံသဏ္ဌာန်ပြောင်းလဲခြင်းမှာ ကျွန်ုပ်တို့၏ဇာတိအသက်၌ ဧဝဖြစ်စဉ်ဆိုင်ရာ ပြောင်းလဲမှုရှိခြင်း ဖြစ်သည်။ ရင့်ကျက်ခြင်းမှာ ကျွန်ုပ်တို့ကို ပြောင်းလဲစေသော ဘုရားဆိုင်ရာအသက်ဖြင့် ပြည့်ဝသွားခြင်း ဖြစ်သည် - ဟေဗြဲ၊၆း၁။ ကော၊၄း၁၂။ ရော၊၁၂း၂။ ၂ပေ၊၁း၃။
2. ပုံသဏ္ဌာန်ပြောင်းလဲခြင်း၏ နောက်ဆုံးအဆင့်မှာ ရင့်ကျက်ခြင်း၊ အသက်၏ပြည့်ဝပြည့်စုံခြင်းဖြစ်သည်- အငယ်၊၄-၈။
3. ရင့်ကျက်သော ယုံကြည်သူတစ်ဦးက ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို သိကျွမ်း၍၊ ဂရုစိုက်ခြင်းရှိကာ၊ ကိုယ်ခန္ဓာတော်အသိစိတ်နှင့် ကိုယ်ခန္ဓာတော်ကို ဗဟိုပြုခြင်း ရှိသည် - ၁ကော၊၁၂း၁၆၊ ၁၈-၁၉၊ ၂၁၊ ၂၄။

D. ဓမ္မသစ်ကျမ်း၌ အသုံးပြုသည့်အတိုင်း *ရင့်ကျက်ခြင်း* ဟူသောစကားလုံးသည် ယုံကြည်သူများ၏ ပြည့်ဝစွာ ကြီးရင့်ခြင်းနှင့် သူတို့အသစ်မွေးဖွားသောအချိန်၌ လက်ခံရရှိသည့် ခရစ်တော်၏အသက်၌ စုံလင်မှုရှိခြင်းကို ရည်ညွှန်းသည် - တိတု၊၃း၅။ ၁ပေ၊၁း၃၊ ၂၃။ မ၊၅း၄၈။

1. ကျွန်ုပ်တို့သည် မိမိတို့ကိုယ်တိုင်ဖြင့် မည်သည့်အခါမျှ ကျေနပ်ရောင့်ရဲခြင်း မရှိသင့်ဘဲ၊ ခရစ်တော်၏ အသက်၌ ကြီးထွားခြင်းနှင့် ရင့်ကျက်ခြင်းကို ရှာဖွေဆည်းပူးသင့်ပါသည် - ဖိ၊၃း၁၂၊ ၁၄။
2. ကျွန်ုပ်တို့သည် ရှေ့ဆက်သွားရန်၊ ဖြစ်ခဲ့ပြီးသောအရာများကို မေ့ချန်ထားပြီး ရှေ့မှာ ရှိသောအရာများကို လှမ်းကမ်းခြင်းအားဖြင့် ရင့်ကျက်ခြင်းသို့ ခေါ်ဆောင်ခံရရန် လိုအပ်ပြီး၊ မိလေနိုင်ငံတော်၌ ခရစ်တော်ကို အဆုံးစွန် မွေ့လျော်ဝမ်းမြောက်ခြင်းအတွက် ခရစ်တော်ကို အပြည့်ဝဆုံး မွေ့လျော်ဝမ်းမြောက်ခြင်းနှင့် အမြတ်ရယူခြင်းသို့ ရှာဖွေဆည်းပူးခြင်းရှိရန် လိုအပ်သည် - အငယ်၊၁၂-၁၅။
3. ဝိညာဉ်ရေးရာအသက်၌ ရင့်ကျက်ခြင်းအတွက် မရှိမဖြစ်လိုအပ်ချက်မှာ ဘုရားဆိုင်ရာအသက်၌ စဉ်ဆက်မပြတ် ကြီးထွားရန်ပင် ဖြစ်သည် - ဧ၊၄း၁၅။
4. ခရစ်တော်၏အသက်၌ ယုံကြည်သူများ၏ ကြီးထွားခြင်းနှင့် ရင့်ကျက်ခြင်း၏ အဆုံးစွန်သော ရလဒ်မှာ ပြည့်ဝစွာကြီးရင့်သောလူ - ခရစ်တော်၏ကိုယ်ခန္ဓာတော်အဖြစ် အသင်းတော်သည် ရင့်ကျက်သောလူအဖြစ်သို့ ကြီးထွားခြင်းပင် ဖြစ်သည် - အငယ်၊၁၃။

E. ယာကုပ်သည် သူ၏ဩဝါဒစာစောင်၌ လယ်သမားက မြေကြီး၏ အဖိုးထိုက်သောအသီးကို စိတ်ရှည်သည်းခံလျက် စိတ်အားထက်သန်စွာ စောင့်နေခြင်း၏ သရုပ်ဖော်ပြချက်ကို အသုံးပြုထားသည် - ၅း၇။

1. သခင်ယေရှုသည် အမှန်စင်စစ် စစ်မှန်သော လယ်သမားတစ်ဦး၊ တုန်ိုင်းရာမဲ့လယ်သမားတစ်ဦး ဖြစ်သည် - မ၊၁၃း၃။
2. ကျွန်ုပ်တို့က သခင်ဘုရား၏ကြွလာခြင်းကို စိတ်ရှည်သည်းခံလျက် စောင့်ဆိုင်းနေစဉ် စစ်မှန်သော လယ်သမားအဖြစ် ကိုယ်တော်က လယ်၏ အဦးသီးများနှင့် ရိတ်သိမ်းခြင်းအဖြစ် ကျွန်ုပ်တို့၏ အသက်၌ ရင့်ကျက်လာခြင်းကို စိတ်ရှည်လျက် စောင့်ဆိုင်းနေသည် - ဗျာ၊၁၄း၄၊ ၁၄-၁၅။
3. ကျွန်ုပ်တို့က "သခင်ဘုရား၊ အလျင်အမြန် ကြွလာပါ"ဟု ဆုတောင်းလျှင်၊ သခင်ဘုရားက "သင်သည် ငါ၏ပြန်ကြွလာခြင်းကို စောင့်ဆိုင်းလျက်နေစဉ်၊ ငါသည် သင်၏ရင့်ကျက်ခြင်းကို စောင့်ဆိုင်းလျက်ရှိနေသည်။ သင်၏ ရင့်ကျက်ခြင်းကသာလျှင် ငါ၏ပြန်ကြွလာခြင်းကို လျင်မြန်စေနိုင်သည်"ဟု ပြောပေလိမ့်မည်။
4. ကျွန်ုပ်တို့သည် သခင်ဘုရား၏ ပြန်ကြွလာခြင်းကို စောင့်ဆိုင်းခြင်းနှင့်စပ်လျဉ်း၍ အလေးအနက်ထားသည်ဆိုလျှင် ကျွန်ုပ်တို့ ရင့်ကျက်သည့်တိုင်အောင် အသက်၌ ကြီးထွားခြင်းရန် လိုအပ်ကြောင်း သိနားလည်ခြင်းမှာ ကြီးစွာသော အကူအညီကို ဖြစ်စေပါသည်။

F. ရင့်ကျက်ခြင်းမှာ ကျွန်ုပ်တို့၌ ခရစ်တော်အပြည့်အဝ ပုံပေါ်လာခြင်းဖြစ်သည်။ ၎င်းသည် ကျွန်ုပ်တို့သည် ကိုယ်တော်၏ပုံသဏ္ဌာန်တော်ထဲသို့ အပြည့်အဝ ပုံသဏ္ဌာန်ပြောင်းလဲခဲ့ပြီဖြစ်ကြောင်းကိုလည်း ဆိုလိုသည် - ဂလ၊၄း၁၉။ ၂ကော၊၃း၁၈။

1. ကျွန်ုပ်တို့ အသစ်မွေးဖွားသည့်အချိန်မှစ၍ သခင်ဘုရားသည် ကျွန်ုပ်တို့၌ လုပ်ဆောင်နေခဲ့ပြီဖြစ်ပြီး၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏ပုံသဏ္ဌာန်တော် ရှိနိုင်မည်ဖြစ်သည် - အငယ်၊၁၈။ ရော၊၈း၂၉။
2. သခင်ဘုရားသည် ကိုယ်တော်၏ပုံသဏ္ဌာန်တော်ကို ကျွန်ုပ်တို့အထဲသို့ အပြည့်အဝလုပ်ဆောင်ပြီး၊ ကျွန်ုပ်တို့မှတစ်ဆင့် အပြည့်အဝ ထင်ရှားခြင်းရှိသောအခါ ကျွန်ုပ်တို့သည် အသက်၌ ရင့်ကျက်ခြင်းရှိလိမ့်မည်ဖြစ်သည် - ဧ၊၃း၁၆-၁၇။

III. ခရစ်တော်၏သတို့သမီးဖြစ်သော အသင်းတော်သည် ဘုရားသခင်၏ရန်သူကို အနိုင်ယူရန် စစ်သူရဲဖြစ်ရမည်ဖြစ်သည် - ၅း၂၅-၂၇။ ၆း၁၀-၁၈။ ဗျာ၊၁၉း၇-၉၊ ၁၁-၁၆။

A. ကောလောသဲ ၂း၁၅ တွင် ခရစ်တော်၏ကားတိုင်ပေါ်အသေခံခြင်း အချိန်၌ ဖြစ်ပျက်ခဲ့သော စစ်ပွဲကို ပုံဖော်ပြသထားသည်။ ထိုအချိန်က ခရစ်တော်၏ကားတိုင်တော်သည် စကြဝဠာ၏ အလယ်ဗဟို ဖြစ်ခဲ့လေသည်။

B. ဝိညာဉ်ရေးရာ စစ်ပွဲ၏ ရည်ရွယ်ချက်မှာ ဘုရားသခင်၏နိုင်ငံတော်ကို ယူဆောင်လာရန်ပင် ဖြစ်သည် - ဗျာ၊၁၂း၁၀။

C. ဝိညာဉ်ရေးရာစစ်ပွဲသည် ကိုယ်ခန္ဓာတော်၏ အကြောင်းအရာဖြစ်သည်။ ကျွန်ုပ်တို့သည် မြေကြီးပေါ်မှာ ဘုရားသခင်၏ စိတ်ဝင်စားမှုများအတွက် စစ်ပွဲကို တိုက်ခိုက်သော စုပေါင်းထားသည့် စစ်တပ်ဖြစ်ကြသည် - ၁၇း၁၄။ ၁၉း၁၄။ ညွှန်း၊ ၂တိ၊ ၂း၄။

D. ခရစ်တော်သည် တိုက်ခိုက်သော တပ်မှူးကြီးအဖြစ် ကိုယ်တော်၏ စစ်တပ်ဖြစ်သော ကိုယ်တော်၏သတို့သမီးနှင့်အတူ အာမဂေဒုန်အရပ်၌ အန္တိခရစ်ကို ဆန့်ကျင်တိုက်ခိုက်ခြင်းငှာ ကြွလာလိမ့်မည်ဖြစ်သည် - ဗျာ၊၁၉း၁၁-၂၁။

1. ခရစ်တော်သည် သူ၏စစ်တပ်နှင့်အတူ ကြွလာသောအခါ ကိုယ်တော်သည် လူသားတော်အဖြစ် ကြွလာလိမ့်မည်ဖြစ်သည် - မ၂၆း၆၄။ ဗျာ၊၁၄း၁၄။
2. လူသားတော်အဖြစ် ကိုယ်တော်သည် ကိုယ်တော်နှင့် လိုက်ဖက်ညီမည့်၊ ပြည့်စုံစေမည့် အဖော်အဖက်ကို လိုအပ်လိမ့်မည်ဖြစ်သည်။ ဤအဖော်အဖက်သည် ကိုယ်တော်၏ သတို့သမီးဖြစ်လိမ့်မည် - ၂း၂၊ ၉။
3. ခရစ်တော်သည် ဆိုးညစ်သူကို အောင်မြင်ပြီးသူဖြစ်သည့် အောင်မြင်သောသူများကို လက်ထပ်လိမ့်မည်ဖြစ်သည်။
4. မင်္ဂလာဝတ်စုံ - ကျွန်ုပ်တို့၏နေ့စဉ် ဖြောင့်မတ်ခြင်းအဖြစ် ကျွန်ုပ်တို့မှ ရှင်ထွက်သောခရစ်တော် - သည် ကျွန်ုပ်တို့ကို မင်္ဂလာဆောင်ပွဲဝင်ရောက်ရန် အရည်အချင်းပြည့်မီစေရုံသာမက၊ အာမဂေဒုန်၌ စစ်ပွဲတွင် အန္တိခရစ်ကို ဆန့်ကျင်၍ ခရစ်တော်နှင့်အတူ တိုက်ခိုက်မည့် စစ်တပ်သို့ ပေါင်းစည်းဆက်နွယ်ခြင်းလည်း ရှိလိမ့်မည် - မ၂၂း၁၁-၁၂။ ဗျာ၊၁၉း၇-၈၊ ၁၄။

E. သီချင်းတကာ့သီချင်း၌ ခရစ်တော်၏ အောင်မြင်သောချစ်သူသည် တိရစ္ဆာန်သို့ လှပတင့်တယ်ပြီး၊ ယေရှုရှင်လင်မြို့ကဲ့သို့ ချစ်ဖွယ်ကောင်းခြင်း ရှိလာကြောင်း ကျွန်ုပ်တို့မြင်ရသည်။ သို့သော် ရန်သူအဖို့ သူမသည် အောင်လံများနှင့်အတူရှိသော စစ်တပ်ကဲ့သို့ ကြောက်မက်ဖွယ်ကောင်းသည် - ၆း၄၊ ၁၀။

1. ခရစ်တော်၏ချစ်သူများသည် တစ်ချိန်တည်းမှာပင် ချစ်ဖွယ်ကောင်းခြင်းနှင့် ကြောက်မက်ဖွယ်ကောင်းခြင်း ရှိသင့်ပါသည်။ သို့သော်လည်း များစွာသော ယုံကြည်သူများသည် သခင်ဘုရားရှေ့တော်၌ သူတို့၏ချစ်ဖွယ်ကောင်းခြင်းနှင့် ရန်သူရှေ့၌ သူတို့၏ကြောက်မက်ဖွယ်ကောင်းခြင်းကို ဆုံးရှုံးနေကြသည် - အငယ်၊၄၊ ၁၀။
   a. ခရစ်တော်၏ချစ်သူသည် သခင်ဘုရားရှေ့တော်၌ လှပခြင်းနှင့် တင့်တယ်ခြင်းရှိပြီး၊ ကောင်းကင်ဆိုင်ရာမြို့တော်ကဲ့သို့ ခိုင်မာကျစ်လစ်၍၊ သန့်ရှင်းရာဌာနတော်ကဲ့သို့ တည်ငြိမ်အေးချမ်းလှသည်။ တစ်ချိန်တည်းမှာပင် သူမသည် ရန်သူနှင့် လောကရှေ့တွင် သူမ၏ အောင်နိုင်ခြင်း ဘုန်းအသရေကို ထင်ရှားပြသနေသည် - အငယ်၊၄၊ ၁၀။
   b. ခရစ်တော်၏ အောင်မြင်သော ချစ်သူသည် မျှော်လင့်ခြင်းနှင့်ပြည့်ဝသော အနာဂတ်နှင့် ကောင်းကင်ဆိုင်ရာလုံးလုံးဖြစ်သော အသက်တာ ရှိရုံသာမက၊ သူမသည် သူမ၏အောင်နိုင်ခြင်း၌ စဉ်ဆက်မပြတ် အောင်မြင်သော အောင်နိုင်သူတစ်ဦးလည်း ဖြစ်သည် - ၃း၇-၈။

2. ကြောက်မက်ဖွယ်သော စစ်တပ်သည် ဘုရားသခင်၏ရန်သူ စာတန်ကို ထိတ်လန့်ကြောက်ရွံ့စေသော သခင်ဘုရား၏ အောင်မြင်သောသူများကို ပုံဆောင်သည် - ၆း၄၊ ၁၀။
   a. ရန်သူသည် ဘုရားသခင်၏မြို့တော်အဖြစ် တည်ဆောက်ခံရသော အသင်းတော်အားဖြင့် ထိတ်လန့်စေခြင်းခံရသည် - နေ၊၆း၁၅-၁၆။ ဆာ၊၁၀၂း၁၂-၁၆။
   b. စာတန်သည် တစ်သီးပုဂ္ဂလဖြစ်သော ခရစ်ယာန်များကို မကြောက်ရွံ့ပါ၊ သူတို့သည် အရေအတွက်၌ ထောင်သောင်းမက ရှိသော်လည်း မကြောက်ရွံ့ပါ၊ သို့သော် သူနှင့် သူ၏နိုင်ငံကို ဆန့်ကျင်တိုက်ခိုက်သော ခရစ်တော်၏ကိုယ်ခန္ဓာတော်အဖြစ် အသင်းတော်၊ စုပေါင်းထားသော စစ်သူရဲကို ကြောက်ရွံ့ထိတ်လန့်လေသည် - ၈၊၆း၁၀-၂၀။

F. ဒါဝိဒ်သည် ဒုက္ခဆင်းရဲများအလယ်၌ စစ်ပွဲတိုက်ခိုက်သော ခရစ်တော်ကို ပုံဆောင်ပြီး (၁၅၅မွေ၊၂၅း၅)၊ အဘိဂဲလသည် ဒုက္ခဆင်းရဲများအလယ်၌ ဘုရားသခင်၏နိုင်ငံတော်အတွက် တိုက်ခိုက်သော စစ်ပွဲတိုက်ခိုက်သည့်အသင်းတော်ကို ပုံဆောင်သည် (အင၊၂-၄)။

1. ရှမွေလပထမစာစောင် ၂၅ မှစတင်၍ အဘိဂဲလသည် စစ်သူရဲ ဒါဝိဒ်၏ဘေးနားတွင် အမြဲရှိနေပြီး၊ သူ၏စစ်ပွဲများ၌ သူ့နောက်သို့ လိုက်လျောက်ခဲ့သည် - အင၊၁၄၀-၄၂။
2. အဘိဂဲလက ဒါဝိဒ်ကို လက်ထပ်ခဲ့ခြင်းမှာ အသင်းတော်သည် စစ်ပွဲအတွက် စစ်သူရဲအဖြစ် စစ်တပ်ထဲဝင်ရောက်ရန် စာရင်းပေးသွင်းခြင်းကို ပုံဆောင်သည် - ၈၊၆း၁၀-၂၀။
3. အဘိဂဲလ၏ပုံဆောင်ချက်က အသင်းတော်သည် ဝိညာဉ်ရေးရာစစ်ပွဲ၌ သခင်ယေရှုနှင့်အတူ ပါဝင်ဆက်ဆံခြင်းအား ပုံဆောင်သည်။
   a. ဘုရားသခင်၏ထာဝရအကြံအစည်တော်သည် ပြီးပြည့်စုံခြင်းနှင့် ကိုယ်တော်၏စိတ်နှလုံးတော်အလိုဆန္ဒသည် ကျေနပ်အားရခြင်း ရှိရမည်ဖြစ်သည်သာမက၊ ဘုရားသခင်၏ရန်သူသည် နှိမ်နင်းခံရခြင်းလည်း ရှိရမည်။ ဤအတွက် အသင်းတော်သည် စစ်သူရဲဖြစ်ရမည်။
   b. ဝိညာဉ်ရေးရာစစ်ပွဲသည် မရှိမဖြစ် လိုအပ်သည်၊ အကြောင်းမှာ စာတန်၏အလိုဆန္ဒသည် ဘုရားသခင်၏အလိုတော်နှင့် ဆန့်ကျင်ဘက်ပြုထားသောကြောင့် ဖြစ်သည် - မ၊၆း၁၀။ ၇း၂၁။ ဟေရှာ၊၁၄း၁၂-၁၄။
      (1) ဝိညာဉ်ရေးရာစစ်ပွဲသည် ဘုရားဆိုင်ရာအလိုတော်နှင့် စာတန်ဆိုင်ရာအလိုဆန္ဒအကြား ဆန့်ကျင်ကွဲလွဲမှုတွင် အရင်းတည်ခဲ့ခြင်း ဖြစ်သည်။
      (2) အသင်းတော်အဖြစ် ကျွန်ုပ်တို့၏တိုက်ခိုက်ခြင်းသည် စာတန်ဆိုင်ရာအလိုဆန္ဒကို နှိမ်နင်း၍ ဘုရားသခင်၏ရန်သူကို အနိုင်ယူရန်ပင် ဖြစ်သည် - ဗျာ၊၁၂း၁၁။
      (3) ကျွန်ုပ်တို့၏ ဝိညာဉ်ဆိုင်ရာ လျှောက်လှမ်းခြင်းသည် ဘုရားသခင်၏ အကြံအစည်တော် ပြီးပြည့်စုံခြင်းအတွက်ဖြစ်ပြီး၊ ကျွန်ုပ်တို့၏ အသက်ရှင်ခြင်းသည် ခရစ်တော်၏ ကျေနပ်နှစ်သိမ့်ခြင်းအတွက်ဖြစ်ကာ၊ ကျွန်ုပ်တို့၏စစ်ပွဲသည် ဘုရားသခင်၏ရန်သူကို အနိုင်ယူရန်နှင့် ကိုယ်တော်၏အောင်နိုင်ခြင်းကို ထိန်းသိမ်းထားရန် ဖြစ်သည်။

G. ဝိညာဉ်ရေးရာစစ်ပွဲမှတစ်ဆင့် ဘုရားသခင်၏ထာဝရအကြံအစည်တော်သည် အပြည့်အဝ ပြီးမြောက်ခြင်းရှိလေသည်။ "လောကီနိုင်ငံသည် ငါတို့သခင်နှင့် ကိုယ်တော်၏ ခရစ်တော်နိုင်ငံ ဖြစ်လေပြီ။ သူသည်လည်း ကာလအစဉ်အဆက် စိုးစံတော်မူမည်" - ၁၁း၁၅ခ။

© 2026 Living Stream Ministry